



ကြောင်နှစ်ကောင်စာပေ
ပန်းချီ
မြင့်အိုတုး
ဝတ္ထု
ထွန်းအိမ်ကောင်း
စီစဉ်သူ ဟော်မျိုး
ကြောင်လေးလာစဉ်



မြို့တော်၏ နီယွန်ည..
အရောင်အသွေးစုံသောလျှပ်စစ်မီး
ရောင်များလင်းလက်နေကြသည့်မိုးပျံ
တိုက်တာကြီးတွေကရောင်စုံဒီဇိုင်း
ဝတ်ရုံတွေခြုံထားကြသည့်မရှောင်
မယှက်သတ္တဝါကြီးတွေအလား..
ROYAL BANK
ASIA TOWER
ROYAL H
အေးရှားတာဝါအဆောက်အဦးကြီးက နှစ်
ဆယ့်ရှစ်ထပ်မြင့်မားရှုယင်းနှင့်ပေနှစ်ဆယ်
ခြား ဘေးချင်းကပ်တည်ရှိသော ရွှိုင်ရယ်
ဟောလီးဒေးဟိုတယ်ကြီးကနှစ်ဆယ့်ခြောက်
ထပ်မြင့်မားသည်..လုံခြုံရေးအစီအမံချင်း
နှိုင်းယှဉ်လျှင်မူရွှိုင်ရယ်ဟောလီးဒေးဟိုတယ်
ကြီးက ပိုမိုတင်းကျပ်ခိုင်မာလှ၏


နံနက်(၂)နာရီခန့်တွင်
အမှောင်မှာပျော်မွေ့တတ်
သောအမှောင်ကိုအသုံးချ
တတ်သောတစ်ကိုယ်လုံး
နက်မှောင်နေအောင်ဝတ်
ဆင်ထားသည့်လူသား
တစ်ဦးကအေးရှားတာဝါ၏
နောက်ဘက်အမှောင်ရိပ်ထဲ
မှာငြိမ်သက်စွာရပ်လို့..
တကယ်တော့သားကောင်ကို
ခုန်အုပ်ဆဲဆဲကျားသစ်နက်
တစ်ကောင်၏ငြိမ်သက်ခြင်းမျိုး
မျှသာ.



သူ၏လှုပ်ရှားမှုကအေးရှားတာဝါ
အဆောက်အဦးနံရံရှိမှင်းမတ်
သဏ္ဌာန်ပိုက်လိုင်းတစ်ခုကို
တွယ်တက်ခြင်းဖြင့်စတင်သည်..
သူတက်သွားပုံကပင်စည်လုံးချောမွေ့
သည့်သစ်ပင်တစ်ပင်ကိုကျားသစ်
တစ်ကောင်အလျင်အမြန်တက်ရောက်
နေသလိုညင်သာသပ်ရပ်နေ၏...
သူသည်မျဉ်းပြိုင်ပုံစံတည်ရှိနေကြသော
လုံးပတ်ထွာဆိုင်အရွယ်ပိုက်လိုင်းများဆီမှ
ပိုက်လိုင်းတစ်ခုကနေအခြားတစ်ခုဆီသို့
လှစ်ခနဲလှစ်ခနဲကူးပြောင်းရွှေ့လျားနေပြန်
၏..


ချောကျိကျိနိုင်သော
ပိုက်လိုင်းပေါ်တွင်သူ၏
လက်ချောင်းများနှင့်
ခြေဖဝါးများချော်ထွက်
မသွားရလေအောင်
လက်အိတ်ရှိဆူး
ကလေးများမိနှင်သား
ရေခွာများမှဖုထစ်
ကလေးများကထိန်း
ကွစ်ပေးနေသည်ပဲလေ
မိနစ်အနည်းငယ်မျှ
အတွင်း..
အနက်ရောင်လူသားသည်အေးရှား
တာဝါ၏ခေါင်မိုးအပေါ်သို့မည်သည့်
စက်ကိရိယာအကူအညီမျှမပါဘဲနှင့်
ချောချောမောမောရောက်ရှိသွားခဲ့
လေပြီ..




သူကခေါင်မိုးစွန်းမှာရပ်ပြီးသူ့အောက်ဘက်အနိမ့်စွန်းမှာရှိသောရှိုင်ရယ်ဟောလီးဒေးဟိုတယ်ကြီး ကိုအပေါ်စီးမှငုံ့ကြည့်နေပြန်သည်..






ဒိုးကျည်ပစ်မော်တာ
အငယ်စားနှင့်တူ
သောလက်နက်ကို
သူကဟိုတယ်
ခေါင်မိုးတစ်နေရာ
သို့ချိန်ရွယ်လိုက်ပြီး
နောက်
ပြေးထွက်သွားသောသံချိတ်ကလေး
နောက်သို့သေးမျှင်သောသံမဏိကြိုး
ကပြေးလိုက်သွားတာ
ဟိုတယ်ခေါင်မိုးတစ်နေရာရှိ ဂြိုလ်တုစလောင်း
ကိုထိန်းသည့်သံတိုင်မှာသံချိတ်စကြော်ကခိုင်
ခိုင်မြဲမြဲတွယ်ချိတ်မိသွားတော့သည်..



သူကသံချိတ်ဖြဲ
ခိုင်ခံ့မှုရှိမရှိစိတ်
ကျေနပ်လောက်
သည်အထိဆွဲဆန့်
စမ်းသပ်ကြည့်
လိုက်၏..
စိတ်ကျေနပ်တော့မှကြိုးကိုပစ်လွှတ်သည့်
လက်နက်ကိုသုရုပ်နေသောခေါင်မိုးတစ်
နေရာရှိရေလှောင်ကန်ကြီးမှသံသွင်း
တစ်ခု တွင်အခိုင်အမာချိတ်တွယ်လိုက်၏
ACTBUND
ARD
ထို့နောက်သွယ်တန်းနေသောသံမဏိကြိုးအတိုင်း
လက်နှစ်ဖက်ဖြင့်တွဲခိုပြီးလျှောချိုင်ရယ်ဟောလီးဒေး
ဟိုတယ်ရှိရာသို့သက်သောင့်သက်သာလျှောဆင်းသွား
တော့သည်..
၈


အကယ်၍များခြေချော်လက်ချော်
အောက်သို့ပြုတ်ကျသွားမည်ဆိုပါက
သူ့အဖြစ်ကိုတွေးဝံ့စရာမရှိ..
သို့သော်အနက်ရောင်လူသားသည်
လွယ်လွယ်နှင့်ပင်ရှိုင်ရယ်
ဟောလီးဒေးခေါင်မိုးပေါ်သို့ခြေချသွား
နိုင်ခဲ့ပြီတည်..


သူသည်ဟိုတယ်ခေါင်မိုးပေါ်တွင်ကြောင်
တစ်ကောင်၏ညင်သာမှုမျိုးဖြင့်
သွားလာရင်းတစ်စုံတစ်ခုကိုရှာဖွေနေသည်..
သူရှာဖွေနေသောအရာမှာခေါင်မိုးပြင်တွင်
အစီအရီရှိနေကြသောအလင်းဝင်ပေါက်
မှန်ချပ်များထဲမှတစ်ခုသောမှန်ချပ်..
ယခုတော့ သူအလိုရှိသော မှန်ချပ်ကို
တွေ့သွားပြီးမှန်ချပ်အနီးမှာ မှဆိုး
ဒူးထောက်ထိုင်ချလိုက်လေပြီ..
မှန်ချပ်ကိုဖောက်၍မြင်နေရ
သောအောက်ဘက်ရှိအခန်း
ရှိရာသို့သူငုံ့ကြည့်နေပြန်သည်..


ပြီးလျှင်သူသည်ဝတ်စုံထဲရှိအိတ်ကပ်
ထဲမှကိရိယာအချို့ကိုထုတ်ယူလိုက်၏.
စိန်သွားတပ်ထားသည့်ဓာတ်ခဲအားသုံးမှန်ဖြတ်စက်ကလေး
ပလာစတာတိပ်တစ်ခွေနှင့်ရာဘာလေစုပ်ခွက်
ကလေးတစ်ခု.
ထို့နောက်မှန်ချပ်ကလေးကိုစက်
ကလေးဖြင့်ဖြည်းဖြည်းချင်းလှီးဖြတ်စ
ပြုသည်..
ဖြတ်သွားသောမှန်ဖြတ်ရာများကို
တိပ်ဖြင့်အလိုရှိသလိုလိုက်ကပ်
သည်..
မှန်ကိုနည်းနည်းခြင်း
လှီးလိုက်တိပ်ဖြင့်ကပ်
လိုက်နှင့်လူတစ်ကိုယ်
စာဝင်ပေါက်ရအောင်
အလင်းဝင်မှန်ချပ်
ကလေးကိုလှီးဖြတ်ပြီး
သောအခါ..


မှန်သားကပြုတ်ထွက်သွားသော်လည်း
တိပ်ဖြင့်ကပ်ထားခြင်းကြောင့်အောက်
သို့ပြုတ်ကျမသွား..
သူကရာဘာစုပ်ခွက်ကိုထိုဖြတ်ထားသောမှန်တွင်ကပ်လိုက်ပြီးကပ်ထားသောတိပ်ဖြတ်စကလေး
များကိုပြန်ခွာကာမှန်ချပ်ကိုခွာယူလိုက်သည်..
အသင့်ပါလာသောကြိုး
ခွေကိုထုတ်ယူကာမှန်
ဘောင်သံကိုင်းမှာမြဲမြံစွာ
ချည်နှောင်လိုက်ပြန်၏..


ထို့နောက်..ကြိုးစကို
အောက်သို့ပစ်ချ
လိုက်သည်..
အလင်းဝင်ပေါက်မှန်ချပ်အပေါက်က
နေသူကကြိုးကိုခို၍အောက်ဘက်
အခန်းထဲသို့ဆင်းခဲ့သည်..
၁၃
သူ၏ခြေအစုံနင်းလိုက်သည့်အခန်းမှာကျယ်ဝန်း
သားနားသောအိပ်ခန်းကြီးဖြစ်သည်..ရှိုင်ရယ်
ဟောလီးဒေးဟိုတယ်ကြီး၌တန်ဖိုးအမြင့်မား
ဆုံးနှစ်ယောက်တွဲအထူးအိပ်ခန်း..


ကြီးမားလှပသလောက်ခေတ်မီဆန်းသစ်
သည့်ခုတင်ကြီးပေါ်မှာအိပ်မောကျနေသူတို့
ကတော့ထိုင်ဝမ်နိုင်ငံမှကမ္ဘာလှည့်ရတနာ
ကုန်သည်ဇနီးမောင်နှံဖြစ်သောမစ္စတာဖူးနှင့်
မဒမ်ဖူး..
သူတို့ဇနီးမောင်နှံသည်ဧည့်ခံပွဲတစ်ခုတွင်
ရေချိန်လွန်သွားခဲ့ကြဟန်ဖြင့်အဝတ်အစား
တွေဖိနပ်တွေကိုပင်မချွတ်အားဘဲသစ်တုံး
နှစ်တုံးလိုနှစ်ခြိုက်စွာအိပ်မောကြနေလေ၏..
အနက်ရောင်လူသားကရေမွှေး
ပုလင်းငယ်နှင့်တူသောပုလင်းငယ်
တစ်လုံးကိုထုတ်ယူဆုပ်ကိုင်ကာ
ခုတင်အနီးသတိထား၍ချဉ်းကပ်
သွားသည်..


သူသည်စုံတွဲ၏မျက်နှာများပေါ်သို့
ပုလင်းငယ်ထဲမှအားပျော့သည့်အီသာ
မေ့ဆေးတွေကိုညှစ်ချလိုက်သည်..
မစ္စတာဖူးတို့နှစ်ယောက်အသက်မှန်
မှန်ရှူနေရာမှချောင်းဆိုးတော့မလို
ပါး စပ်တွေဟလာကြပြီးလျှင်တစ်ဖန်
ငြိမ်သက်အိပ်မောကျသွားကြပြန်၏..


အနက်ရောင်ရှုသားသည်အားရကျေနပ်သွားကြောင်းတောက်ပြောင်ဝင်းလက်လာကြသည့်မျက်လုံးများကဖော်ပြလာကြ၏..
ပြီးလျှင်သူ၏လှုပ်ရှားမှုများစတင်လာပြန်၏..သူသည်ဟိုတယ်သုံးနံ့ရဲကပ်ဘီရိုကိုမာစတာကီးခေါ်သောပိစ္စာဖြင့်ဖွင့်လိုက်သည်..
ဘီရိုထဲရှိအတက်ချိကေ့စ်ကိုထုတ်ယူလိုက်ပြီးဖွင့်ကြည့်လိုက်ရာ..
၁၆


အထဲတွင်အရောင်အသွေးစုံလင်အမျိုးအစားစုံလင်သောကျောက်မျက်ရတနာတွေကမျက်စိကျိန်းစပ်မတတ်ရောင်ခြည်တန်းတွေကိုဖြာလွှင့်ထုတ်လာကြသည်.
အနက်ရောင်လူသားကရတနာတွေကိုကြုံးယူ၍သူ၏ဝတ်စုံအကျႌရင်ဘတ်အိတ်ထဲသို့အေးအေးဆေးဆေးပင်ထည့်နေလေသည်..
သူ၏နောက်ဆုံးလှုပ်ရှားမှုကတော့မှန်တင်ခုံတွင်အသင့်တွေ့ရသောနှုတ်ခမ်းဆိုးဆေးတောင့်ဖြင့်မှန်ပေါ်တွင်စာလုံးတစ်လုံးကိုရေးလိုက်ခြင်းပင်တည်း..

# သလင်းယုန်


ဒီဇင်ဘာနှင်းဖွေးဖွေးတွေတသည်းသည်းကြွေကျနေသောမြောက်ဖျားဒေသ၏ညဦး..
မြို့စွန်တောင်ခြေရှိဘန်ဂလိုအိမ်ပုကလေး၏တစ်ခုသောပြတင်းမှမှိန့်ထွက်နေသည့်အလင်းဖျော့ဖျော့ကအမှောင်ထုကိုအံတုနေသယောင်..
ဆီးနှင်းထုကိုဒယိမ်းဒယိုင်တိုးဖြတ်လျှောက်ခင်ထွားထွားလူတစ်ယောက်ကဘန်ဂလိုကလေးဆီသို့ဦးတည်လျှောက်နေသည်...


ဒီရဂျာ
ဒီရဂျာ
ဘန်ဂလိုအနီးသို့ရောက်လျှင်နှင်းတောထဲမှ လူကအချမ်းပိုရှိတုန်တုန် ရှိဖြစ်နေသော အသံကြီးဖြင့်တရစပ်လှမ်းခေါ်၏…
ဝေ ဒီရဂျာ…
ဧလတာဟူးဟူး တိုးသံကိုပင် ဖောက်ခွဲကျော် လွှားနိုင်ခဲ့သည့် ခေါ်သံကိုဘန်ဂလို ကလေးဆီမှတုံ့ ပြန်မှုမရှိ…


ဒိုရှာ
နှင်းတောထဲမှလာသောလူထွားကြီးက ဘန်ဂလိုကလေး၏ တစ်ခုတည်းသောတံခါး မကြီးကိုလက်သီးဖြင့်ထုရန်လက်ရွယ်လိုက်စဉ်မှာပဲ ပိတ်ထားသောဘန်ဂလိုကလေး၏ တံခါးမသည်ဆတ်ခနဲ ပွင့်လာသည်။
ကျုပ်နားမလေးမှန်း သိရက်နဲ့ ခင်များရဲ့အသံ ပြဲကြီးနဲ့ ဘာလို့ ဒီလောက်အော်နေရတာလဲ..
အိမ်ရှင်လူငယ်၏ဆီးကြိုပုံကမယဉ်ကျေးလှပါ..အော်ကတိုမစ်တစ်ရိုင်ဖယ်ကလည်းလူထွားကြီး၏ ရင်ဘတ်တည့်တည့်ကိုထောက်လျက်သား..


မိုင်ပေါင်းရာကျော်ခရီးကို ခက်ခက်ခဲခဲမောကြီးပန်းကြီးလာခဲ့ရတဲ့ဒက်ဒီကြီးကို ဒီလိုပဲကြိုဆိုရသလား ဒီရှာ
သုံးနှစ်ဆိုတဲ့အချိန်ကာလ ဟာမင်းရဲ့စိတ်ကန့်ကန့်စရိုက်ကို ဘယ်လိုမှမပြောင်းလဲစေခဲ့ပါ လား ဒီရှာ..
ကျုပ်ခွင့်မပြုဘဲ ရှေ့မတိုးနဲ့ကျုပ်က မဖိတ်ခေါ်ဘဲဘာကြောင့် ခင်များကြီးလာတာလဲ ပြောစမ်း..


ကျုပ်မေးတာ ကိုဖြေ
ရိုင်ဖယ်ပြောင်းဝကလူ့ထွားကြီး၏မျက်နှာ အနီးမှာပေါက်ချလိုက်တော့မည့် မြွေဟောက်တစ်ကောင်နှယ်
မင်းတော်တော် အကြင်နာမဲ့တာပဲဒီဂျာ.. နှင်းတောထဲမှာသုံးမိုင် လောက်လမ်းလျှောက် လာခဲ့ရတဲ့ဒက်ဒီကြီးကို..
အရင်ဆုံးအိမ်ထဲပေးဝင်ရမယ်.. ပြီးရင်မင်းတို့ဆီကအရက်ပြင်း တစ်ခွက်တိုက်ရမယ်..ပြီးတော့ မှပဲမေးချင်တာကိုမေး သင့်တယ်..
ဟီးဟီးဟီး ငါဟာဝင်ရိုးစွန်းက ဖျံတစ်ကောင်ထက် တောင်ချမ်းနေပြီကွ ဟီးဟီး



လူထွားကြီးကသရုပ်ဆောင်နေခြင်းမဟုတ်တာတော့သေချာနေပါသည်..သို့သော်ဒီရုဂျာမျက်နှာထားကအပြောင်းအလဲမရှိ..
ကျုပ်မေးတာကိုအရင်ဆုံးဖြေပါရာမာဖုံ..
သဘောမနေ့ကောင်းဟန်ချိုသာပျော့ပျောင်းဟန်ပြခဲ့သည့်လူထွားကြီး၏မျက်နှာပြင်ပေါ်မှာဒေါသရိပ်ထင်ဟတ်လာ၏..
ညလင်းယုန်သေရှာကပြန်ရှင်လာပြီကွ..ညလင်းယုန်ရှင်ပြန်ထမြောက်လာပြီကွ..ပါလာခဲ့တာအဲ့ဒီကိစ္စပဲ..


ဒီရဲဂျာ၏မျက်နှာဆီမှတင်းမာမှု
အစိုင်အခဲကြီးပြိုအက်စပြုလာ
သည့်..သေနတ်ပြောင်းဝက
အောက်သို့စိုက်ကျသွား၏..
ကျုပ်ကိုပုံပြင်တွေ
လာပြောနေတာဆိုရင်
တော့ခင်ဗျားကြီးကို
ကျုပ်နှင်းတောထဲပြန်
မောင်းထုတ်ပစ်ရမှာပဲ..
ဦးပုံပြင်မပြော
တတ်ပါဘူးကောင်
လေးရာ..
ဒီရဲဂျာကလမ်းဖွင့်ပေးလိုက်တော့မှ
ရာမာဖုံအိမ်ထဲသို့လှမ်းဝင်သည်..


ဒီရဂ္ဂျာကတံခါးကိုပြန်ပိတ်ပြီး
တံခါးရွက်ကိုကျောမှီရပ်နေ၏..
သူ့အမူအရာတွင်ရှုံ့လိုဟန်မပြ
တော့..စိတ်ဝင်စားမျှော်လင့်မှုတွေ
လင်းလက်လာသည်..
ကဲပြောဗျာ.. ကမ္ဘာကြီးပျက်စီး ကာနီးပြီလား
ဂျာမာဖုံကသူ၏ဆောင်းကုတ်အင်္ကျီအတွင်း
အိတ်ထဲမှသတင်းစာတစ်စောင်ကိုဆွဲထုတ်ပြီး
ဒီရဂ္ဂျာထံလှမ်းပေးသည်..
စာမျက်နှာ(၆)နဲ့ (၇)ကိုဖတ်ကြည့်..


မျက်စိရှင်သောရာမာဖုံက အရက်ပုလင်းမျိုးစုံ ရှိနေသည့် နံရံကပ်မှန်ဘီရိုကလေးကိုတွေ့ သွားသည်..
ဒီအရက်သောက် ရင်းမီးလင်းဖိုနားမှာ အချမ်းဖြေနေတုန်း မင်းကသတင်းစာကို သေချာဖတ်နေပေါ့ ကွာ..
သတင်းစာမှစာမျက်နှာ(၆)နှင့်(၇) ကိုခပ်အေးအေးအမူအရာဖြင့်လှန် ကြည့်လိုက်သည်.

ညလင်းယုန်သေရွာမှပြန်ရှင်လာပြီလား
ကံဆိုးရှာသောထိုင်ဝမ်ရတနာကုန်သည်မောင်နှံ
လူမဲ့ဖြစ်ပြီ။



ရာမာဖုံသည်ဒီရိုဂျာ၏မျက်နှာပေးမှအမူအရာအပြောင်းအလဲကိုဂရုတစိုက်အကဲခတ်ရင်းမီးလင်းဖိုအနီးမှထလျှောက်လာခဲ့သည်။




ဒီရဂျာကသတင်းစာကိုရာမာဖို့
ထံပြန်ပေးလိုက်သည်..
သတင်းစာတွေကို ကျုပ်လုံးဝစိတ်မဝင်စားဘူး ကျုပ်စိတ်ဝင်စားတာ သတင်းရဲ့နောက်ကွယ်က အင်မတန်ရှုပ်ထွေးဆန်း ကျယ်နေတဲ့ပြဿနာ ကိုပဲ..
ညလင်းယန့်ဆိုတဲ့ကောင်ဟာ ဘယ်လိုသတ္တဝါမျိုးဖြစ်မလဲလို့ မင်းသိချင်နေတယ် မဟုတ်လား..
ဟုတ်တယ် ညလင်းယန့်က သေခဲ့ပြီပဲ..
လွန်ခဲ့တဲ့သုံးနှစ်ကျော်က သေသွားလို့မီးသင်္ဂြိုဟ်စက်ထဲမှာ ပြာကျသွားခဲ့ပြီပဲလေ..


ဒီရဂျာ၏မျက်နှာဆီမှအလွန်
တွေ့ရခဲ့သောတမ်းတကြေကွဲမှု
ကိုရာမာဖုံးကြည့်ငေးနေမိသည်..
ပြာပုံထဲကရှင်ပြန်ထမြောက်လာတဲ့
ညလင်းယုန်ဟာမင်းမဖြစ်နိုင်ဘူး
ဆိုတာငါယုံပြီးသားပါဒီရဂျာ..ဒါပေမဲ့
အခုပေါ်လာတဲ့ညလင်းယုန်လက်သစ်
ဟာမင်းရဲ့လုပ်နည်းလုပ်ဟန်အတိုင်း
တစ်သဝေမတိမ်းအတုယူပြီးလှုပ်ရှား
နေတယ်ဒီရဂျာ...
နောက်ဆုံးသူရေးခဲ့တဲ့
ညလင်းယုန်ဆိုတဲ့စာလုံးပုံစံက
အစမင်းလက်ရေးအတိုင်းဖြစ်နေ
တယ်ပြီးတော့သူဟာမူလလက်
ဟောင်းညလင်းယုန်လိုပဲကျောက်
မျက်ရတနာကလွဲလို့တခြား
ဘာပစ္စည်းကိုမှလက်ဖျားနဲ့
တောင်မတို့တတ်မထိတတ်တာပဲ..